**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

၂၀၁၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၄၇

မြန်မာ့သြဘာအုပ်စုကုမ္ပဏီလီမိတက် နှင့် ဦးစိုးနိုင်ဦး
(၎င်းကိုယ်စားမန်နေဂျာဒေါ်သဉ္ဇာလွင် )

<u>တရားလို</u> <u>တရားပြိုင်</u>

| | | | | |
|---|---|---|---|---|
| တရားလိုအတွက် | - | ဒေါ်အိသဲခိုင် | ၊ | တရားလွှတ်တော်ရှေ့နေ။ |
| တရားပြိုင်အတွက် | - | ဦးစိုးထွန်းနိုင် | ၊ | တရားလွှတ်တော်ရှေ့နေ။ |

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဧပြီလ ၂၃ ရက်

**<u>စီ ရင် ချက်</u>**

တရားလိုကုမ္ပဏီက တရားပြိုင်အပေါ် တရားလိုပိုင်ကုန်အမှတ်တံဆိပ်အမည်ကို ဆင်တူ ယိုးမှားပြုလုပ်သည့် ကုန်အမှတ်တံဆိပ်အားဖျက်ဆီးစေပြီး ထိုကုန်အမှတ်တံဆိပ်အမည်ဖြင့် စိုက်ပျိုးသုံးဆေးပစ္စည်းများနှင့်ဓာတ်မြေသြဇာများဖြန့်ဖြူးရောင်းချမှုမပြုလုပ်ရန်အတွက်ထာဝရ တားဝရမ်း ရလိုမှုစွဲဆို သည်။

အဆိုလွှာအရ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်ကို မှတ်ပုံတင်အမှတ်- ၁၃၂၂/၁၉၉၄-၉၅ဖြင့်မှတ်ပုံတင်၍စတင်တည်ထောင်လုပ်ကိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေးသုံး ဆေးများနှင့် ဓာတ်မြေသြဇာများကို မြန်မာနိုင်ငံတစ်ဝန်းသို့ဖြန့်ဖြူးရောင်းချကြောင်း၊ AWBA သြဘာဟူသည့်ကုန်အမှတ်တံဆိပ်ကိုပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာသည့်စာချုပ်အမှတ်-၆၅၅၅/ ၂၀၀၈နှင့် ၆၅၅၆/၂၀၀၈တို့ကို ၂၉. ၉. ၂၀၀၈ရက်နေ့က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တွင်ပြုလုပ်ထားကြောင်း၊တရားလို၏လုပ်ငန်းအတွက်ငွေကြေးကုန်ကျခံ၍ကြော်ငြာခဲ့ပြီး ရောင်းချ သည့်ပစ္စည်းများအရည်အသွေးကောင်းမွန်သည့်အတွက်တရားလို၏အမှတ်တံဆိပ်မှာနာမည် ကောင်းရရှိနေကြောင်း၊ နေပြည်တော်တွင်ကျင်းပသည့်မြေသြဇာကော်မတီ၏(၁၇)ကြိမ်မြောက် အစည်းအဝေးတွင်ဖြန့်ဝေသော(၁၈)ကြိမ်မြောက်မြေသြဇာဆိုင်ရာနည်းပညာကော်မတီက ထောက်

ခံတင်ပြသည့်ပြည်တွင်းထုတ်လုပ်သည့်မြေသြဇာလျှောက်လွှာစာရင်း၌တရားပြိုင်၏ရွှေသြဘာရွက်ဖျန်းဓာတ်မြေသြဇာလုပ်ငန်း၏လျှောက်လွှာကိုတရားလိုမှစတင်တွေ့ရှိခဲ့ကြောင်း၊ တရားပြိုင်သည်တရားလို၏ကုမ္ပဏီတွင်တရားဝင်ကိုယ်စားလှယ်အဖြစ် ၂၀၁၃ခုနှစ်မှစတင်၍ လုပ်ကိုင်ခဲ့ပြီးတစ်ဆင့်ဖြန့်ဖြူးရောင်းချသူဖြစ်ကြောင်း၊ တရားပြိုင်ထုတ်လုပ်သည့်ရွှေသြဘာအမည်ဖြင့်ပစ္စည်းများမှာတရားလိုကထုတ်လုပ်သောပစ္စည်းဟုထင်ယောင်ထင်မှားဖြစ်စေကြောင်း၊ အမည်နှင့်ထုတ်လုပ်သည့်ကုန်ပစ္စည်းဆင်တူယိုးမှားဖြစ်သည်ကိုတရားပြိုင်သိရှိကြောင်း၊ တရားပြိုင်သည် ရွှေသြဘာရွက်ဖျန်းမြေသြဇာလုပ်ငန်းမှသီးနှံစုံရွက်ဖျန်းမြေသြဇာကို ပျော်ဘွယ်မြို့တွင်မှတ်ပုံတင်ပြီးဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ တရားလိုထုတ်လုပ်သည့်စိုက်ပျိုးရေးသုံးဆေးပစ္စည်းများနှင့်ဆင်တူယိုးမှားဖြစ်ပြီးတရားလို၏ပစ္စည်းများကိုသုံးစွဲသောတောင်သူများကရွှေသြဘာအမည်ဖြင့်ထုတ်လုပ်သောပစ္စည်းများမှာ တရားလို၏ကုမ္ပဏီကထုတ်လုပ်သောပစ္စည်းများဟုထင်ယောင်ထင်မှားဖြစ်စေကြောင်း၊ တရားလို၏ကုန်အမှတ်တံဆိပ်ကိုဆင်တူယိုးမှားတုပပြုလုပ်သဖြင့်တရားလိုတွင်များစွာနစ်နာကြောင်း၊ တရားပြိုင်၏ပြည်တွင်းထုတ်လုပ်ခွင့်မှတ်ပုံတင်လျှောက်ထားမှုကိုစိုက်ပျိုးရေးဦးစီးဌာန၊မြေအသုံးချရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးထံကန့်ကွက်ခဲ့ပြီးတရားပြိုင်ထံသို့ ၈. ၇. ၂၀၁၅ရက်စွဲပါစာဖြင့် အမည်ပြောင်းလဲပြင်ဆင်ပေးရန်အကြောင်းကြားစာကိုလည်းပေးပို့ခဲ့ကြောင်း၊ တရားပြိုင်က ၂၂. ၇. ၂၀၁၅ ရက်စွဲပါစာဖြင့်ဆင်တူယိုးမှားတူညီမှုမရှိဟုပြန်ကြားခဲ့ကြောင်း၊ တရားပြိုင်ထုတ်လုပ်ရောင်းချသည့်ပစ္စည်းများနှင့်အမည်တို့မှာ တရားလိုက (၂၂)နှစ်ကျော်ရောင်းချခဲ့သည့်ပစ္စည်းများနှင့်အမည်တို့နှင့်တူညီနေသဖြင့် တရားလိုတွင်များစွာထိခိုက်နစ်နာသောကြောင့်တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်ကြောင်း အဆိုပြုထားသည်။

ချေလွှာအရတရားပြိုင်၏လုပ်ငန်းအမည်နှင့် တရားလို၏လုပ်ငန်းအမည်တို့တူညီခြင်း၊ ဆင်တူယိုးမှားဖြစ်ခြင်းမရှိကြောင်း၊ တရားပြိုင်မှာသမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးတွင်မှတ်ပုံတင်အမှတ်-အစ-၉(၁၅၅၀၅)ဖြင့် ၁၂. ၁၂. ၂၀၁၃ ရက်နေ့က ရွှေပုပ္ပားစိုက်ပျိုးရေးဆေးရောင်းဝယ်ရေးလုပ်ငန်းအမည်ဖြင့်မှတ်ပုံတင်ပြီးစိုက်ပျိုးရေးသုံးဆေးများနှင့်ဓာတ်မြေသြဇာများကိုဖြန့်ဖြူးရောင်းချနေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအမည်မှတ်ပုံတင်ထားရှိမှုတူညီခြင်းမရှိကြောင်း၊ တရားပြိုင်နှင့်တရားလို၏ကုန်အမှတ်တံဆိပ်မှာတူညီခြင်း၊ ဆင်တူယိုးမှားဖြစ်ခြင်းမရှိကြောင်း၊ တရားလိုသည်စိုက်ပျိုးရေးသုံးဆေးများနှင့်ဓာတ်မြေသြဇာများကိုဖြန့်ဖြူးရောင်းချရာတွင်မြန်မာ့သြဘာအမည်ဖြင့်ရောင်းချခဲ့ခြင်းမဟုတ်ဘဲကောမက်၊ ကောမက်ပလပ်စ်၊ ကောမက်မိုးကေ၊ ကောမက်ထရေ့စ်အမည်များဖြင့်ရောင်းချခြင်းဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်ခွင့်မှတ်ပုံတင်ကိုတရားဝင်လျှောက်ထားခဲ့ခြင်းဖြစ်ပြီးတရားလိုနှင့်မသက်ဆိုင်ကြောင်း၊ တရားပြိုင်၏ပစ္စည်းများကိုရွှေသြဘာသီးနှံစုံအထူးရွက်ဖျန်းမြေသြဇာ၊ ရွှေသြဘာပဲတီစိမ်းအထူး၊ ရွှေသြဘာငရုတ်အထူး၊ ရွှေသြဘာဝါအထူး၊ ရွှေသြဘာမြေပဲအထူး၊ ရွှေသြဘာကြက်သွန်အထူး၊ ရွှေသြဘာပဲမျိုးစုံအထူးကုန်အမှတ်တံဆိပ်များဖြင့်ရောင်းချခြင်းဖြစ်ကြောင်း၊ တံဆိပ်ခြင်းတူညီမှုမရှိ၊ ထင်ယောင်ထင်

များဖြစ်ရန်လည်းမရှိ၍တရားလိုတွင်ထိခိုက်နစ်နာရန်မရှိကြောင်း၊ သက်ဆိုင်ရာက တရားပြိုင်အား မြေသြဇာထုတ်လုပ်ခွင့်လိုင်စင်ချထားပေးပြီးဖြစ်ကြောင်း၊ မြန်မာ့သြဘာအမည်မှာကုမ္ပဏီ၏အမည်သာဖြစ်ပြီး ကုန်အမှတ်တံဆိပ်မှာ အင်္ဂလိပ်စာတန်းဖြင့်ရောင်းချခြင်းဖြစ်ကြောင်း၊ ထင်ယောင်ထင်များဖြစ်ရန်အကြောင်းမရှိ၍ အမှုစွဲဆိုရန်အကြောင်းမပေါ်ပေါက်ကြောင်း၊ အမှုကိုဤပုံစံအတိုင်းစွဲဆိုခွင့်မရှိကြောင်း ချေပထားသည်။

အဆိုအချေတို့အရ အောက်ပါငြင်းချက်များကိုထုတ်နုတ်ထားရှိသည်။ ၎င်းတို့မှာ -

(၁) စိုက်ပျိုးရေးသုံးဆေးများနှင့် ဓာတ်မြေသြဇာများကို ဖြန့်ဖြူးရောင်းချကြလျက်ရှိသောတရားလို၏ "မြန်မာ့သြဘာ"မှ "သြဘာ"အမှတ်တံဆိပ်နှင့် တရားပြိုင်၏ "ရွှေသြဘာ"အမှတ်တံဆိပ်အမည်တို့မှာ ဆင်တူယိုးမှားဖြစ်နေသဖြင့် သုံးစွဲသူတောင်သူတို့အကြားထင်ယောင်ထင်မှားဖြစ်စေသည်ဆိုခြင်းမှာမှန်ပါသလား။

(၂) တရားလို၏ကုန်အမှတ်တံဆိပ်သည် နာမည်ကောင်းရရှိနေပြီဖြစ်ပြီး တရားပြိုင်ကဆင်တူယိုးမှားပြုလုပ်ကာသုံးစွဲသည့်အတွက်တရားလိုတွင် ထိခိုက်နစ်နာနေရသည်ဆိုခြင်းမှာ မှန်ပါသလား။

(၃) "ရွှေသြဘာ"ဟူသောကုန်အမှတ်တံဆိပ်ကို အသုံးမပြုစေရန်အတွက်တရားလိုမှ ထာဝရတားဝရမ်းရထိုက်ခွင့်ရှိပါသလား။

(၄) တရားလိုသည် မည်သည့်သက်သာခွင့်ကို ရထိုက်ပါသနည်း ဟူ၍ဖြစ်သည်။

ယခုအခါတွင် နှစ်ဖက်စစ်ဆေးပြီးဖြစ်ကာ အပြီးသတ်လျှောက်လဲချက်ကိုလည်း ကြားနာရန်ခွင့်ပြုပြီးဖြစ်၍ အဆိုပါငြင်းချက်များအပေါ် အောက်ပါအတိုင်းဖြေဆိုလိုက်သည်။

## <u>ငြင်းချက်အမှတ် (၁)</u>

တရားလို၏ရှေ့နေက နှစ်ဖက်ထွက်ဆိုချက်များအရ တရားပြိုင်သည်တရားလိုကုမ္ပဏီ၏ကိုယ်စားလှယ်အဖြစ်ပစ္စည်းများရောင်းချခဲ့ပြီးနောက်ပိုင်းတွင်လုပ်ငန်းတူ၊ ကုန်အမှတ်တံဆိပ်တူသည့်ရွှေသြဘာရွက်ဖျန်းမြေသြဇာများကိုထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့သည်မှာပေါ်ပေါက်ကြောင်း၊ တရားပြိုင်အနေဖြင့်ရွှေသြဘာအမည်ကို ၎င်း၏ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့်တီထွင်အသုံးပြုသည်ဟု တင်ပြနိုင်ခြင်းမရှိကြောင်း၊ ကုန်အမှတ်တံဆိပ်တွင်ကုန်အမှတ် (device)၊ အမှတ်တံဆိပ် (brand)၊ ခေါင်းစီး(heading)အစရှိသည်များပါဝင်ကြောင်း၊ ကုန်အမှတ်တံဆိပ်၏တစ်စိတ်တစ်ဒေသကိုသုံးစွဲရာ၌အမှတ်မဲ့ဝယ်သူများအနေဖြင့်ယုံကြည်လောက်အောင်သွေးဆောင်ခံရလျှင် ထိုတစ်စိတ်တစ်ဒေသကိုပင်သုံးစွဲခွင့်မရှိဟု **"ဦးကျော် နှင့် ဦးဘအေး"**[၁] အမှုတွင်ထုံးဖွဲ့ထားကြောင်း၊ တရားလို၏ကုန်တံဆိပ်နှင့်ဆင်တူယိုးမှားတံဆိပ်ကိုသုံး၍ရောင်းချခြင်းအတွက် ထာဝရတားဝရမ်းကိုခွင့်ပြုနိုင်သည်ဟု

---

၁။ ၁၉၆၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်)၊ စာ-၁၈၇။

စီရင်ထုံးဖွဲ့ထားမှုရှိကြောင်း၊ မူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ခွင့်ကိုထိပါးခြင်း သို့မဟုတ် သုံးစွဲခြင်းကိုဟန့်တားခြင်းသည်တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၂ အရတားဝရမ်းထုတ်ဆင့်နိုင်သောနစ်နာမှုဖြစ်ကြောင်း၊ တရားပြိုင်သည် နာမည်ကောင်းရရှိပြီးဖြစ်သည့်တရားလိုကုမ္ပဏီမှရောင်းချနေသည့်စိုက်ပျိုးရေးသုံးဆေးပစ္စည်းများ၏နာမည်ကောင်းနှင့်ရောင်းအားကောင်းမှုအပေါ် အခွင့်အရေးရယူပြီး ရွှေသြဘာဟူသည့်ကုန်အမှတ်တံဆိပ်ကိုမှတ်ပုံတင်ကာ ထင်ယောင်ထင်မှားဖြစ်စေရန်ပြောဆိုရောင်းချခြင်း၊ ဆင်တူယိုးမှားတုပပြုလုပ်ခြင်းကြောင့် အရည်အသွေးကိုအထူးအာမခံကာရောင်းချခဲ့သည့်တရားလို၏ကုန်ပစ္စည်းများအပေါ် သုံးစွဲသူများကထင်ယောင်ထင်မှားဖြစ်ပေါ်စေနိုင်ကြောင်း၊ မှားယွင်းသုံးစွဲမှုကြောင့်တရားလို၏ကုမ္ပဏီတွင်ကုစားမရနိုင်သည့်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် ဤငြင်းချက်အပေါ် မှန်ကန်သည်ဟုဖြေဆိုသင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

တရားပြိုင်၏ရှေ့နေက တရားလို၏သြဘာအမှတ်တံဆိပ်ဖြင့်ထုတ်လုပ်သောပစ္စည်းများကို တရားပြိုင်၏ရွှေသြဘာအမှတ်တံဆိပ်ဖြင့်ထုတ်လုပ်ခြင်းမရှိကြောင်း၊ ရွှေသြဘာဟူသောမြန်မာစာတမ်းဖြင့်မှတ်ပုံတင်ပြီး ရွက်ဖျန်းမြေသြဇာအမျိုးမျိုးကိုထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း၊ တရားလို၏ကုန်အမှတ်တံဆိပ်မှာ အင်္ဂလိပ်စာသားဖြင့်ဖော်ပြမှတ်ပုံတင်ထားခြင်းဖြစ်ကြောင်း၊ တရားလိုသည်မြန်မာ့သြဘာအမည်ဖြင့်ရောင်းချခြင်းမဟုတ်ဘဲကောမက်၊ ကောမက်ပလပ်စ်၊ ကောမက်မိုးကေစသည့်အမည်များဖြင့် ရောင်းချခြင်းဖြစ်ကြောင်း၊ တရားပြိုင်၏စိုက်ပျိုးရေးသုံးဆေးများကိုရွှေပုပ္ပားစိုက်ပျိုးရေးသုံးဆေးရောင်းဝယ်ရေးလုပ်ငန်းမှထုတ်လုပ်ပြီး ရွှေသြဘာအမည်ဖြင့်ပဲတီစိမ်းအထူး၊ ဝါအထူး၊ အထူးရွက်ဖျန်းမြေသြဇာစသည့်တံဆိပ်များဖြင့်ရောင်းချခြင်းဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်များမှာသီးခြားစီဖြစ်ပြီး ထင်ယောင်ထင်မှားဖြစ်ရန်အကြောင်းမရှိကြောင်း၊ တရားပြိုင်ပြသက်သေဦးမောင်မောင်မှာ တောင်သူတစ်ဦးဖြစ်ပြီး တရားလို၏ကုန်အမှတ်တံဆိပ်နှင့် တရားပြိုင်၏ကုန်အမှတ်တံဆိပ်တို့ကိုမှားယွင်းဝယ်ယူရန်အကြောင်းမရှိဟုထွက်ဆိုထားကြောင်း၊ တရားလိုတွင် မြန်မာ့သြဘာကုန်အမှတ်တံဆိပ်ကိုပိုင်ဆိုင်ခွင့်အခွင့်အရေးရှိသကဲ့သို့တရားပြိုင်တွင်လည်းရွှေသြဘာကုန်အမှတ်တံဆိပ်ကိုပိုင်ဆိုင်ခွင့်အခွင့်အရေးရှိကြောင်း၊ ထုပ်ပိုးခွံပေါ်ရှိအင်္ဂလိပ်စာလုံးနှင့် မြန်မာစာလုံးတို့မှာ မတူညီသည့်အပြင်ရောင်းချသည့်ပစ္စည်းမှာလည်းပိုးသတ်ဆေးနှင့်ရွက်ဖျန်းမြေသြဇာဟုကွဲလွဲလျက်ရှိသောကြောင့်မှားယွင်းဝယ်ယူမိလောက်အောင်ဆင်တူယိုးမှားမဖြစ်ကြောင်း၊ ထို့ကြောင့် ငြင်းချက်ကိုတရားပြိုင်ဘက်သို့အသာပေးဖြေဆိုသင့်ကြောင်းလျှောက်လဲတင်ပြသည်။

တရားလို၏ကိုယ်စားလှယ်ဖြစ်သူ မန်နေဂျာဒေါ်သဉ္ဇာလွင်က မြန်မာ့သြဘာအုပ်စုကုမ္ပဏီလီမိတက်ကို ၁၉၉၅ခုနှစ်၊ မတ်လတွင်စတင်တည်ထောင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ခဲ့ကြောင်း၊ မြန်မာ့သြဘာအုပ်စုကုမ္ပဏီလီမိတက်သည် စိုက်ပျိုးရေးသုံးဆေးများဖြစ်သည့် မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်သန်ဆေး၊ ပိုးသတ်ဆေးအစရှိသည့်စိုက်ပျိုးရေးသုံးဆေးများနှင့်မြေသြဇာများကိုထုတ်လုပ်ပြီး အမြို့မြို့အနယ်နယ်သို့ဖြန့်ဖြူးရောင်းချခဲ့

ကြောင်း၊ တရားပြိုင်ဦးစိုးနိုင်ဦးသည် တရားလို၏ကိုယ်စားလှယ်အဖြစ်လုပ်ကိုင်ပြီး ပျော်ဘွယ်မြို့တွင်ရွှေပုပ္ပားဆိုသည့်အမည်ဖြင့်တစ်ဆင့်ရောင်းချသူဖြစ်ကြောင်း၊ ၂၀၁၃ခုနှစ်မှစ၍လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ခုနှစ် နှစ်ဆန်းပိုင်းအထိဖြစ်ကြောင်း၊ တရားလိုက ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာတမ်း(၃)စောင်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားရှိကြောင်း၊ Awba ဩဘာ၊ မြန်မာ့ဩဘာလုပ်ငန်းစုအမည်ဖြင့်မှတ်ပုံတင်ခြင်းဖြစ်ကြောင်း၊ ယင်း ကုန်အမှတ်တံဆိပ်များကိုတိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း ဆင်တူယိုးမှားတုပ၍ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမရှိစေရန်အတွက်ကုမ္ပဏီ၏ကုန်အမှတ်တံဆိပ်ကိုတီထွင်၍အရောင်အသွေးစာလုံးပုံစံများကိုအခြားသူများကသုံးစွဲခြင်းမပြုစေရန်ရည်ရွယ်၍ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ်ကိုချုပ်ဆိုခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင်ဩဘာကုန်အမှတ်တံဆိပ်ကို တီဗွီ၊ ရေဒီယို စသည့်မီဒီယာအသီးသီးတွင်လည်းကောင်း၊ ဗီနိုင်းများ၊ ပိုစတာများဖြင့်လည်းကောင်း ငွေကြေးအကုန်အကျခံ၍ နှစ်ပေါင်းများစွာကြေညာခဲ့ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင်"မြန်မာ့ဩဘာအကောင်းဆုံးပါ"ဟူသောဆောင်ပုဒ်ဖြင့်လူသိများခဲ့ပြီးရောင်းအားကောင်းလျက်ရှိကြောင်း၊ ထုတ်လုပ်သည့်ပစ္စည်းအမျိုးအမည်ပေါင်းများစွာရှိပြီးအမည်တိုင်းတွင်ဩဘာ၊ မြန်မာ့ဩဘာဟူသောစာသားကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ရိုက်နှိပ်ထားကြောင်း၊ ဩဘာ(ကာဗိုဖျူရမ်ငါးဂျီ)၊ စနေးဆိုက် (၇၀ ဒဗလျူဘီ)၊ ဩဘာ(ကာဗိုဖျူရမ်သုံးဂျီမြေအောင်းပိုးသတ်ဆေး၊ မြေမတုတ်သတ်ဆေး)၊ ဇွန်ဘီ၉၅ အက်စ်ပီ၊ Awba မြန်မာ့ဩဘာပဲမျိုးစုံ၊ နှမ်းနှင့်မြေပဲမျိုးစေ့လူးနယ်ဆေး၊ ဒိုက်ကာဇော ၂၀၀အက်စ်ပီ ဩဘာပစ္စည်းများ၏အိတ်ခွံ(၆)ခုကိုသက်သေခံ(ဆ)မှ (ဆ-၅)ထိတင်ပြကြောင်း၊ ဩဘာ(ကာဗိုဖျူရမ်ငါးဂျီ)အိတ်ခွံတွင် ကာဗိုဖျူရမ်ဟုဖော်ပြခြင်းမှာကာဗိုဖျူရမ်ဓာတုပစ္စည်းအဓိကပါဝင်သည့်အတွက် Active Ingredient ဖြစ်သည့် ကာဗိုဖျူရမ်ကို Brand Nameအဖြစ်ဖော်ပြခြင်းဖြစ်ကြောင်း၊ ကာဗိုဖျူရမ်တစ်ခုတည်းပြောပါက အခြားကုမ္ပဏီမှပစ္စည်းများနှင့်မှားနိုင်သဖြင့် မြန်မာ့ဩဘာကာဗိုဖျူရမ်ဟုထုတ်လုပ်ခြင်းဖြစ်ပြီး မြန်မာ့ဩဘာကာဗိုဖျူရမ်ဟုမေးကာဝယ်ယူရကြောင်း၊ အခြားအိတ်ခွံများတွင်လည်း အဓိကပါဝင်သည့်ဓာတုဗေဒဆေးအမည်ကိုတပ်၍ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် တရားပြိုင်ကရွှေဩဘာအမည်ဖြင့် ရွက်ဖျန်းမြေဩဇာများကိုထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသဖြင့် တရားလို၏ကုန်ပစ္စည်းများကိုအသုံးပြုသည့်ဝယ်လက်များက ကုန်အမှတ်တံဆိပ်တူသည်ဟုထင်ယောင်ထင်မှားဖြစ်သဖြင့် ကုမ္ပဏီထံသို့လည်းကောင်း၊ ကုမ္ပဏီဝန်ထမ်းများထံသို့လည်းကောင်း မေးမြန်းကြကြောင်း၊ တရားပြိုင်ထံသို့အမည်ကိုပြင်ဆင်ပေးရန်အကြောင်းကြားစာပေးပို့ခဲ့ရာ သုံးစွဲသူများအနေဖြင့် ထင်ယောင်ထင်မှားမဖြစ်နိုင်ဟုပြန်ကြားခဲ့ကြောင်း၊ တရားပြိုင်က ရွှေပုပ္ပားစိုက်ပျိုးရေးဆေးရောင်းဝယ်ရေးလုပ်ငန်းအမည်ဖြင့်ထုတ်လုပ်သည်ဟုဆိုသော်လည်းစတင်ထုတ်လုပ်ရောင်းချစဉ်က ရွှေဩဘာရွက်ဖျန်းမြေဩဇာလုပ်ငန်းအမည်ဖြင့်စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်ထုတ်လုပ်သည့်ဆေးထုပ်များတွင် ရွှေပုပ္ပားစိုက်ပျိုးရေးဆေးရောင်းဝယ်ရေးလုပ်ငန်းအမည်ကိုမထင်မရှားဖြင့်

သာဖော်ပြထားပြီး ရွှေသြဘာဆိုသည့်အမည်ကိုစာလုံးကြီးဖြင့်ရိုက်နှိပ်ထားကြောင်း၊ တရားလို၏ ပဲမျိုးစုံ၊ နှမ်းနှင့်မြေပဲလူးနယ်ဆေးအိတ်ခွံဒီဇိုင်းများနှင့်ရွှေသြဘာအိတ်ခွံဒီဇိုင်းများဆင်တူယိုးမှားဖြစ်လျက်ရှိကြောင်း၊ ထုတ်လုပ်သည့်ကုန်တံဆိပ်တို့မှာတူနေသဖြင့်လက်လီဝယ်ယူသူများက တရားလို၏ကိုယ်စားလှယ်များထံတွင် အတုလား၊ ကုမ္ပဏီကထုတ်တာလားဟုမကြာခဏအမေးခံရ၍ ဖြေရှင်းရခြင်းများရှိပြီး ရောင်းချခြင်းကိုထိခိုက်လျက်ရှိကြောင်း၊ တရားပြိုင်ကရွှေသြဘာအမည်ဖြင့်စိုက်ပျိုးရေးသုံးဆေးပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသဖြင့်တရားလို၏အရောင်းကိုဖွဲ့ပေးလိုက်ရသလိုဖြစ်နေကြောင်း၊ တရားလိုကထုတ်လုပ်ရောင်းချသည့်တံဆိပ်များမှာ ထောင်နှင့်ချီ၍ ရှိသော်လည်း တစ်ခုချင်းစီတွင် Awbaမြန်မာ့သြဘာဟူသောစာလုံးဖြင့်တွဲဖက်ကာထိုးဖောက်ရခြင်းဖြစ်ကြောင်း၊ တောင်သူများမှာသြဘာဟူသောအမည်ကိုသိရှိကြပြီး AI (Active Ingredient) nameကိုပြော၍ သြဘာကထုတ်သည့်ပစ္စည်းကိုမေးဝယ်ကြခြင်းဖြစ်ကြောင်း၊ တရားလို၏အမည်မှထင်ရှားပြီးဖြစ်သောသြဘာဟူသည့်စကားလုံးကိုတရားပြိုင်ကယူသုံးပြီး တစ်ထပ်တည်းထုတ်လုပ်ရောင်းချသဖြင့်ငွေကြေးဖြင့်တိုင်းတာမရနိုင်သည့်ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်ရကြောင်း၊ တရားပြိုင်သည် တရားလို၏ကိုယ်စားလှယ်တစ်ဦးဖြစ်ခဲ့ပြီး တရားလို၏ပစ္စည်းများကိုရောင်းချခဲ့ဖူးသူဖြစ်သဖြင့် တရားလို၏ပစ္စည်းများနှင့်ရွှေသြဘာတို့ကိုသုံးစွဲသူများကမှားယွင်းဝယ်ယူလျက်ရှိကြောင်း ထွက်ဆိုထားသည်။

တရားပြိုင်သည် တရားလို၏ကုမ္ပဏီတွင်ပျော်ဘွယ်မြို့နယ်အရောင်းကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပြီး တရားလို၏ပစ္စည်းများကိုရောင်းချခဲ့ဖူးသူဖြစ်သည်ဆိုသောအချက်မှာ တရားပြိုင်ဘက်ကငြင်းကွယ်ထွက်ဆိုထားခြင်းမရှိသောအချက်ဖြစ်သည်။

ဦးသက်ဇင်မျိုး(လိုပြ-၁)မှာ ပျော်ဘွယ်ဧရိယာတွင်တရားလိုကုမ္ပဏီ၏လက်ထောက်မန်နေဂျာအဖြစ်ဆောင်ရွက်နေသူဖြစ်သည်။ ၎င်းက ဦးစိုးနိုင်ဦးသည် ကိုယ်စားလှယ်အဖြစ်မှရပ်ဆိုင်းခဲ့ပြီးနောက် ရွှေသြဘာအမည်ဖြင့်စိုက်ပျိုးရေးသုံးဆေးပစ္စည်းများရောင်းချခဲ့ရာ တောင်သူများကမြန်မာ့သြဘာက ရွှေသြဘာဆိုသည့်ဆေးအသစ်ထုတ်နေတာလားဟုမေးမြန်းစုံစမ်းကြကြောင်း၊ ကုမ္ပဏီက ကွင်းဆင်း၍ဟောပြောရာတွင်လည်းကောင်း၊ ဝန်ထမ်းများထံတွင်လည်းကောင်း၊ ရွှေသြဘာတံဆိပ်ပါစိုက်ပျိုးရေးသုံးပစ္စည်းများမှာ မိမိတို့တရားလိုကုမ္ပဏီကထုတ်လုပ်သည့်သြဘာစာသားချင်းတူညီနေ၍မြန်မာ့သြဘာကုမ္ပဏီမှထုတ်လုပ်သည့်ပစ္စည်းဟုတောင်သူများကယူဆသုံးစွဲနေကြောင်းကိုမကြာခဏမေးမြန်းစုံစမ်းကြကြောင်း၊ တောင်သူများနှင့်ဝယ်ယူသုံးစွဲသူများကရွှေသြဘာဆေးကို မြန်မာ့သြဘာမှထုတ်လုပ်သည့်ဆေးပစ္စည်းဟုအထင်အမြင်လွဲမှားလျက်ရှိကြောင်း၊ တရားပြိုင်၏ပစ္စည်းများအရည်အသွေးမပြည့်မီပါက တရားလိုကုမ္ပဏီကထုတ်လုပ်သည့်ပစ္စည်းများအရည်အသွေးမပြည့်မီဟုထင်ယောင်ထင်မှားဖြစ်ပေါ်လာနိုင်ကြောင်း၊ မိမိနှင့်ဦးမျိုးသန့်တို့တရားပြိုင်၏ဆိုင်သို့သွား၍ရွှေသြဘာဆေးထုတ်များဝယ်ယူသည့်အချိန်ကတောင်သူ ၃/၄ဦးကမြန်မာ့သြဘာမှထုတ်သည့်ရွက်ဖျန်းမြေသြဇာပေးပါဟုလာဝယ်ရာတရားပြိုင်၏ဝန်ထမ်းက ရွှေသြဘာဆေးကိုရောင်းချခဲ့ကြောင်း၊ တောင်သူက မြန်မာ့သြဘာကုမ္ပဏီကထုတ်သည့်ဆေးလားဟုမေးရာ

ဝန်ထမ်းဖြစ်သူကမြန်မာ့ဩဘာကထုတ်သည့်ဆေးဖြစ်သည်ဟုပြော၍ရောင်းချခဲ့ကြောင်း၊ ကောမက် မိုးကော၊ ကောမက်ပလပ်စ် အစရှိသည်များမှာပါဝင်သည့်ပိုးသတ်ဆေးအမည်ကိုဖော်ပြထားခြင်းဖြစ်ပြီး တောင်သူများအနေဖြင့် မြန်မာ့ဩဘာမှထုတ်သည့်ကောမက်ပေးပါဟုမေးမြန်းဝယ်ယူရကြောင်း ထွက်ဆိုထားသည်။

ဦးမင်းသူကျော်(လိုပြ-၂)၊ ဒေါ်ပြည့်ဖြိုးဝင်း(လိုပြ-၃)၊ ဒေါ်နန်းထက်ထက်ဝင်းလက်(လိုပြ-၄)တို့မှာ တရားလိုကုမ္ပဏီ၏ဝန်ထမ်းများဖြစ်ကြပြီး တရားလိုကိုထောက်ခံထွက်ဆိုထားသည်။

တရားပြိုင်ဦးစိုးနိုင်ဦးက ရွှေဩဘာအမည်ဖြင့်ရွက်ဖျန်းမြေဩဇာများကိုသမဝါယမဝန်ကြီးဌာနတွင် ၂၀၁၃ခုနှစ်၊ဒီဇင်ဘာလက မှတ်ပုံတင်ပြီးထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆တွင် ရွှေဩဘာရွက်ဖျန်းမြေဩဇာလုပ်ငန်းအစား ရွှေပုပ္ပားစိုက်ပျိုးရေးသုံးလုပ်ငန်းအမည်ဖြင့်မှတ်ပုံတင်ခဲ့ကြောင်း၊ တရားလို၏ကုမ္ပဏီအမည်နှင့်မိမိ၏လုပ်ငန်းအမည်တို့မှာတူညီမှုမရှိကြောင်း၊ တရားလိုရောင်းချသည့်ပစ္စည်းများတွင် ကောမက်၊ ကောမက်ပလပ်စ်အမည်များပါရှိပြီးAwbaစာတမ်းပါရှိကာ အိတ်၏အောက်တွင်မြန်မာ့ဩဘာလုပ်ငန်းစုမှဖြန့်ဖြူးရောင်းချသည်ဟုပါရှိကြောင်း၊ မိမိရောင်းချသောအိတ်ခွံပေါ်တွင်ရွှေဩဘာအမည်ဖြင့်ရိုက်နှိပ်ထားပြီးနောက်ဘက်တွင် ရွှေပုပ္ပားစိုက်ပျိုးရေးဆေးထုတ်လုပ်ရေးမှဖြန့်ဖြူးရောင်းချသည်ဟုပါရှိကြောင်း၊ တရားလို၏စိုက်ပျိုးရေးဆေးအမည်များနှင့်မိမိ၏စိုက်ပျိုးရေးဆေးအမည်များမှာကွဲပြားကြောင်း၊ ဝယ်ယူသူများအနေဖြင့် တရားလို၏ပစ္စည်းများကိုဝယ်ယူပါက မြန်မာ့ဩဘာမှထုတ်လုပ်သောပစ္စည်းပေးပါဟုပြောဆိုဝယ်ယူခြင်းဖြစ်ပြီး မိမိ၏ပစ္စည်းများကိုဝယ်ယူပါကရွှေဩဘာဟုမေးမြန်းဝယ်ယူခြင်းဖြစ်ကြောင်း၊ တရားလိုအနေဖြင့်ရွှေဩဘာအမည်ဖြင့်စိုက်ပျိုးရေးသုံးဆေးပစ္စည်းများထုတ်လုပ်ခြင်းမရှိကြောင်း၊ ကုန်အမှတ်တံဆိပ်အမည်တို့မှာတူညီမှုမရှိသကဲ့သို့ ဆင်တူယိုးမှားဖြစ်ရန်လည်းမရှိကြောင်း၊ ဝယ်ယူသူများအနေဖြင့် ကုန်အမှတ်တံဆိပ်များကိုထုတ်ပိုးထားသောအိတ်ခွံများကိုကြည့်၍အထင်အရှားဝယ်ယူနိုင်ကြောင်း၊ ဝယ်ယူသူများအနေဖြင့် မြန်မာ့ဩဘာမှထုတ်လုပ်သောရွှေဩဘာပေးပါဟူ၍ပြောဆိုဝယ်ယူခြင်းမရှိကြောင်း၊ မိမိ၏အိတ်ခွံများပေါ်တွင် ရွှေဩဘာဟူသောမြန်မာစာလုံးဖြင့်သီးနှံစုံအထူး၊ ပဲအထူး၊ ဝါအထူးစသည်ဖြင့်သီးခြားစီရိုက်နှိပ်ထားရှိကြောင်းထွက်ဆိုထားသည်။

ဒေါ်အေးအေးသင်း(ပြိုင်ပြ-၁)မှာ တရားပြိုင်၏ဇနီးဖြစ်ပြီး တရားပြိုင်ကိုထောက်ခံထွက်ဆိုထားသည်။ ပျော်ဘွယ်မြို့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှစာရင်းကိုင်(၃)ဖြစ်သူဦးရာဇာစိုးဟန်က ရွှေဩဘာအမည်ဖြင့်ထုတ်လုပ်သောကုန်အမှတ်တံဆိပ်များကိုတရားပြိုင်ကမှတ်ပုံတင်ထားရှိကြောင်း ထွက်ဆိုထားသည်။ ဦးမောင်မောင်(တောင်သူ)(ပြိုင်ပြ-၃)နှင့် ဦးမောင်သန်း(တောင်သူ)(ပြိုင်ပြ-၄)တို့က တရားပြိုင်ထုတ်လုပ်သည့် ရွက်ဖျန်းမြေဩဇာများကိုဝယ်ယူသုံးစွဲလျက်ရှိကြောင်း၊ တရားလိုကုမ္ပဏီမှထုတ်လုပ်သောမြေဩဇာနှင့်ပိုးသတ်ဆေးများကိုလည်းဝယ်ယူသုံးစွဲဖူးကြောင်း၊ ရွှေဩဘာရွက်ဖျန်းမြေဩဇာပေးပါဟုပြောဆိုဝယ်ယူခြင်းဖြစ်ပြီး အဝယ်မှားခြင်းမရှိကြောင်း ထွက်ဆိုထားကြသည်။

ဤပြင်းချက်အရ တရားပြိုင်၏ကုန်အမှတ်တံဆိပ်မှာ တရားလို၏ကုန်အမှတ်တံဆိပ်နှင့်ဆင်တူယိုးမှားဖြစ်နေခြင်းရှိ-မရှိနှင့်ဝယ်ယူသုံးစွဲသူတောင်သူများအကြားတွင်ထင်ယောင်ထင်မှားဖြစ်စေခြင်းရှိ-မရှိဆိုသောအချက်တို့ကိုနှစ်ဖက်အမှုသည်တို့က သက်သေထင်ရှားပြသကြရန်ဖြစ်သည်။ တရားလိုဘက်အနေဖြင့် ကုမ္ပဏီဝန်ထမ်းများကိုသာတင်ပြထားပြီး ဈေးကွက်တွင်ဝယ်ယူအသုံးပြုနေသည့်တောင်သူတစ်ဦးတစ်ယောက်ကိုမျှသက်သေအဖြစ်တင်ပြခြင်းမရှိပေ။ တရားပြိုင်ဘက်ကမူ တောင်သူနှစ်ဦးကိုသက်သေအဖြစ်တင်ပြထားပြီးထိုသူတို့က ၎င်းတို့ဝယ်ယူသုံးစွဲရာတွင်ကုန်ပစ္စည်းမှားယွင်းခြင်းမျိုးမရှိကြောင်း ထွက်ဆိုထားရှိသည်။

တရားလိုဘက်က ၎င်းတို့မှထုတ်လုပ်သည့်ပစ္စည်းများအတွက်ရန်ကုန်မြို့၊စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်ထားသည့်အထောက်အထားများကိုသက်သေခံ(ဃ)၊ (ဃ-၁)၊ (ဃ-၂)၊ (ဈ)မှ (ဈ-၇)ထိတင်ပြထားသည်။ အိတ်ခွံ(၆)လုံးကိုသက်သေခံ(ဆ)မှ(ဆ-၅)အထိတင်ပြထားသည်။ တရားပြိုင်ကအသုံးပြုနေသည်ဆိုသောအိတ်ခွံများကို သက်သေခံအထောက်အထားအဖြစ်ကြည့်ရှုနိုင်ရန် တရားလိုကတင်ပြခြင်းမရှိချေ။

တရားပြိုင်ဘက်ကလည်း မှတ်ပုံတင်ထားသည့်အထောက်အထားများကိုသက်သေခံအမှတ်(၁)မှ (၄)အထိတင်ပြထားပြီး ၎င်း၏လုပ်ငန်းမှအသုံးပြုသည့်အိတ်ခွံ(၇)လုံးကို သက်သေခံ(၇)မှ(၇-စ)အထိလည်းကောင်း၊ တရားလိုမှထုတ်လုပ်သုံးစွဲသည်ဆိုသောအိတ်ခွံ(၄)ခုကိုသက်သေခံ(၈)မှ(၈-ဂ)အထိလည်းကောင်း တင်ပြထားသည်။

**"ဦးတင်လတ်(ခ)ဦးစိုင်းလတ်ပါ-၂ နှင့် ဦးကျော်ငြိမ်း"**[၂]အမှုတွင် "ကုန်အမှတ်တံဆိပ်ဟူသည် ဈေးကွက်တွင်ရောင်းချသောကုန်စည်များကို အခြားအလားတူကုန်စည်များနှင့်ခွဲခြားနိုင်ရန်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောပိုင်ရှင်နှင့်ဆက်စပ်မိစေရန်လည်းကောင်း ထိုရောင်းသောကုန်စည်များအတွက် အသုံးပြုသည့် သို့မဟုတ် ကုန်စည်များအပေါ်တွင်ကပ်ထားသောသင်္ကေတ၊ အထိမ်းအမှတ်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်က ပုံအမှတ် (device)၊ အမှတ်တံဆိပ် (brand)၊ ခေါင်းစီး(heading)အစရှိသည်များ၎င်းတို့အားစုပေါင်းထားချက်များပါဝင်သည်ဟုလည်းကောင်း၊ မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ပြဋ္ဌာန်းချက်မရှိပေ။ သို့ ရာတွင် အသုံးပြုခြင်းဖြင့်တံဆိပ်နှင့်စပ်လျဉ်း၍ပိုင်ဆိုင်ခွင့် သို့မဟုတ် အခွင့်အရေးရရှိနိုင်သည်ဟုလည်းကောင်း၊ တုပမှုဖြစ်စေရန်အတွက် တံဆိပ်အစစ်နှင့် အတုသည် အသေးစိတ်အချက်အလက်များအားလုံးထပ်တူတူညီရန်မလို၊ အဆိုပါတံဆိပ်နှစ်ဦးတူနေခြင်းသည် အချင်းဖြစ်ကုန်ပစ္စည်းများကိုရောင်းချရန်ရည်စူးသောလူများအား လှည့်ဖြားရန်စီမံပြုလုပ်ထားသည်ဟုသဘောရရှိလျှင်တုပမှုဖြစ်ရန်ဥပဒေအရလုံလောက်သည်ဟုလည်းကောင်း၊ ကုန်အမှတ်တံဆိပ်ကိုအတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ်အချင်းချင်းသည် ထပ်တူထပ်မျှတူညီရန်မလို၊ အမှတ်တံဆိပ်နှစ်ခုကိုယှဉ်၍ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း တစ်ခုနှင့်တစ်ခုဆင်တူယိုးမှားဖြစ်လောက်အောင်

---

၂။ ၂၀၀၁ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၁၆။

ဆင်တူမှုရှိလျှင်အတုပြုလုပ်ခြင်းမြောက်သည်”ဟုလည်းကောင်းညွှန်ပြထုံးဖွဲ့ထားသည်။

သို့ဖြစ်ရာ နှစ်ဖက်တင်ပြသည့်အိတ်ခွံများအရ ကုန်အမှတ်တံဆိပ်များဆင်တူယိုးမှား ဖြစ်ခြင်းရှိ-မရှိကိုသုံးသပ်ရန်ဖြစ်သည်။

နှစ်ဘက်တင်ပြသည့်မှတ်ပုံတင်အထောက်အထားများအရတရားလိုကုမ္ပဏီက တရားပြိုင်ထက်နှစ်များစွာစော၍မှတ်ပုံတင်ထားရှိခြင်းဖြစ်သည်။ သက်သေခံ(ယ)နှင့် (ဈ-၁)တို့အရ awbaနှင့်Awbaဆိုသောကုန်အမှတ်တံဆိပ်ကိုမှတ်ပုံတင်ထားရှိသည်။ သက်သေခံ(ယ-၁)နှင့် (ဈ)တို့အရ“Quality Assurance၊ အရည်အသွေးအထူးအာမခံ awba”နှင့် “မြန်မာ့သြဘာ၏အရည်အသွေးအထူးအာမခံAwba”ဆိုသောစကားလုံးများကိုအပြာအနားကွပ်ထားသည့် အဝါရောင်အဝိုင်းအတွင်း၌ဖော်ပြထားသောကုမ္ပဏီ၏အမှတ်တံဆိပ် Logoကိုမှတ်ပုံတင်ထားရှိသည်။

တရားလိုကထုတ်လုပ်သည်ဆိုသောတရားလိုနှင့်တရားပြိုင်ဘက်တင်ပြသည့် ပစ္စည်းထုပ်ပိုးသောအိတ်ခွံများပေါ်တွင်ကုမ္ပဏီ၏Logoတံဆိပ်ကိုထင်ရှားစွာဖော်ပြထားကြောင်းတွေ့ရသည်။ တရားပြိုင်ဘက်ထုတ်လုပ်သည့်အိတ်ခွံများပေါ်တွင်အဆိုပါLogoတံဆိပ်နှင့်တစ်ထပ်တည်းသော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်းဖြစ်စေသည့်အမှတ်အသားမပါရှိပေ။

“သြဘာ”ဟူသောစကားလုံးသည် ပါဠိဘာသာ “သြဘာသ”မှဆင်းသက်လာသည့် စကားလုံးဖြစ်ပြီး မြန်မာအဘိဓာန်တွင် “အရောင်အလင်း၊ အတိတ်နိမိတ်၊ ကောင်းချီး၊ ကောင်းချီးစကား” ဟူ၍အဓိပ္ပာယ်ပြဆိုထားသည်။ သြဘာဟူသောစကားလုံးမှာ တရားလို၏ကုမ္ပဏီက တီထွင်ထားခြင်းဖြစ်သည်ဟုမဆိုနိုင်ပေ။ ထိုအဓိပ္ပာယ်ကိုသက်ရောက်စေသည့် awbaနှင့် Awbaဆိုသောအင်္ဂလိပ်စာစကားလုံးဒီဇိုင်းပုံစံများနှင့်Logoတံဆိပ်တို့မှာမူတရားလိုကတီထွင်အသုံးပြုခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ အဆိုပါအင်္ဂလိပ်အက္ခရာပုံစံများနှင့်Logoတို့ကိုအခြားသူများကတုပသုံးစွဲခွင့်ရရှိမည်မဟုတ်သော်လည်း သြဘာဟူသောစကားလုံးမှာမူ အများနှင့်သက်ဆိုင်သည်ဖြစ်၍မည်သူမဆိုသုံးစွဲခွင့်ရှိမည်ဖြစ်သည်။ သြဘာဟူသောစကားလုံးကိုသုံးစွဲရာတွင်ပထမဦးစွာအသုံးပြုသူ၏စာလုံးပုံစံအတိုင်းတုပသုံးစွဲခြင်းနှင့် ဆင်တူယိုးမှားသုံးစွဲခြင်းမျိုးကိုမူ လက်ခံထိုက်မည်မဟုတ်ပေ။

တရားလိုက သက်သေခံ(ဆ)မှ(ဆ-၅)အထိတင်ပြထားသည့်အိတ်ခွံ(၆)လုံးမှာတရားလို၏ကုမ္ပဏီက ပိုးသတ်ဆေးများထုတ်လုပ်ရောင်းချရာတွင်ထုပ်ပိုးသည့်အိတ်ခွံများဖြစ်ကြောင်းတွေ့ရသည်။ ထိုအိတ်ခွံများပါပိုးသတ်ဆေးကိုတရားပြိုင်ကထုတ်လုပ်ရောင်းချလျက်ရှိသည်ဟုအမှုတွင်မပေါ်ပေါက်ချေ။ သို့ဖြစ်ရာ တရားလိုတင်ပြသည့်သက်သေခံ(ဆ)မှ (ဆ-၅)အထိပစ္စည်းများကိုတရားပြိုင်ကဆင်တူယိုးမှားပြုလုပ်ကာထုတ်လုပ်ရောင်းချမှုမရှိဟုဆိုရမည်ဖြစ်သည်။

တရားပြိုင်ကတင်ပြသည့်သက်သေခံ(၈)အိတ်ခွံများအရ တရားလိုကုမ္ပဏီသည် ရွက်ဖျန်းမြေသြဇာအမှုန့်များကို ကောမက်မိုးကေ၊ ကောမက်၊ ကောမက်ပလပ်စ် အမည်များဖြင့်ထုတ်လုပ်ရောင်းချလျက်ရှိပြီး အပင်၊ အရွက်၊ အပွင့်၊ အသီး၊ အစေ့၊ အမြစ်နှင့်ဥ အားဆေးကိုကောမက်ထရေ့စ် အမည်ဖြင့်ရောင်းချလျက်ရှိကြောင်းတွေ့ရသည်။ တရားပြိုင်က ၎င်းထုတ်လုပ်ရောင်းချလျက်ရှိသည့်

ရွက်ဖျန်းမြေဩဇာထုပ်ပိုးသည့်အိတ်ခွံများကို သက်သေခံ(၇)မှ (၇-စ)အထိတင်ပြထားရှိရာထိုပစ္စည်းများမှာ တရားလိုကဖြန့်ဖြူးရောင်းချလျက်ရှိသည့်သက်သေခံ(၈)ပါပစ္စည်း(၃)မျိုးနှင့်အမျိုးအစားတူညီမှုရှိသည်ဟုတွေ့ရှိရသည်။

တရားပြိုင်ဘက်ကတင်ပြထားသည့်တရားလိုမှထုတ်လုပ်သည်ဆိုသောကောမက်မိုးကော၊ ကောမက်၊ ကောမက်ပလပ်စ်အိတ်ခွံများပေါ်တွင် ဂေါ်ဖီထုပ်၊ ဂျုံအနှံ၊ နာနတ်သီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ ပန်းမုံလာစိမ်း၊ ပန်းမုံလာ၊ သခွားသီး၊ သခွားမွှေး၊ ပြောင်းဖူး၊ မြေပဲဆံနှင့်မြေပဲခွံ၊ ဆန်းကစ်သီးအခြမ်း၊ ကွဲကောသီးအခြမ်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ ငြုတ်ပွအနီ၊ ငြုပ်သီးစိမ်းအရှည်၊ သစ်တော်သီး၊ သစ်ခွပွင့်အစရှိသည့်သစ်သီးသစ်နှံများကို ပန်းကန်ပြားတစ်ချပ်တွင်ထည့်ထားသည့်အသွင်သဏ္ဌာန်မျိုးဖြင့်ဖော်ပြပါရှိကြောင်းတွေ့ရသည်။ အခြားသောအိတ်ခွံများပေါ်တွင်မူ ထိုပုံစံမျိုးမပါရှိချေ။

တရားပြိုင်တင်ပြထားသည့်သက်သေခံ(၇)အိတ်ခွံ(၇)လုံးအနက် သီးနှံစုံအထူးရွက်ဖျန်းမြေဩဇာအိတ်ခွံပေါ်၌ သရက်သီး၊ ဝါဂွမ်းပွင့်၊ ငှက်ပျောသီး၊ မြေပဲတောင့်၊ မြေပဲခွံနှင့်ပဲဆံ၊ ပဲတီစိမ်းအဆံ၊ ကုလားပဲလုံး၊ အနက်ရောင်ပဲဆံ၊ နာနတ်သီး၊ စပျစ်ခိုင်၊ ကြက်ဟင်းခါးသီး၊ နာနတ်သီးစိတ်၊ ပြောင်းဖူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ သခွားသီး၊ မှို၊ စပါးနှံ၊ ရွှေဖရုံသီး၊ ဖရုံသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငြုပ်ပွအစိမ်းနှင့်အနီ၊ ငြုပ်ရှည်အစိမ်းနှင့်အနီ၊ ပဲသီးတောင့်၊ နံနံပင်အစရှိသည်တို့ကိုပုံထားသည့်အသွင်သဏ္ဌာန်ဖြင့်ဖော်ပြပါရှိသည်ကိုတွေ့ရသည်။

ကျန်အိတ်ခွံများဖြစ်သည့် ငြုပ်သီးအထူး၊ ပဲတီစိမ်းအထူး၊ ပဲမျိုးစုံအထူး၊ ကြက်သွန်အထူး၊ မြေပဲအထူး၊ ဝါအထူးရွက်ဖျန်းမြေဩဇာအိတ်ခွံများပေါ်တွင်မူ ထိုပုံစံမျိုးမပါရှိဘဲသက်ဆိုင်သည့်သီးနှံ၏ပုံကိုသာ ဖော်ပြထားရှိသည်။

တရားလိုဘက်က တရားပြိုင်ထုတ်လုပ်သည်ဆိုသောအိတ်ခွံများကိုသက်သေခံအထောက်အထားအဖြစ်တင်ပြထားခြင်းမရှိသဖြင့် တရားပြိုင်မှာ ၎င်းတင်ပြသည့်အိတ်ခွံများကိုသာအသုံးပြုပြီးဖြန့်ဖြူးရောင်းချလျက်ရှိခြင်းဖြစ်သည်ဟု မှတ်ယူရန်ဖြစ်သည်။

အဆိုပါအိတ်ခွံများအရဆိုပါက တရားပြိုင်၏ရွက်ဖျန်းမြေဩဇာသီးနှံစုံ အထူးအိတ်ခွံ၏အသွင်သဏ္ဌာန်မှာ မျက်နှာစာဘက်တွင် တရားလိုထုတ်လုပ်သည့်ကောမက်၊ ကောမက်မိုးကော၊ ကောမက်ပလပ်စ်ရွက်ဖျန်းမြေဩဇာအိတ်ခွံ၏အသွင်သဏ္ဌာန်နှင့်ဆင်တူယိုးမှားရှိသည်ဟုဆိုနိုင်မည်ဖြစ်သည်။ သို့သော် တရားပြိုင်၏အိတ်ခွံကျောဘက်နှင့်တရားလို၏အိတ်ခွံကျောဘက်တို့မှာ လုံးလုံးလျားလျားကွဲလွဲလျက်ရှိသည်။ ဝယ်ယူသူအနေဖြင့်အဆိုပါအိတ်ခွံများဖြင့် ထုပ်ပိုးထားသည့်ပစ္စည်းများကိုကိုင်တွယ်ပြီးကြည့်ရှုဝယ်ယူပါက မည်သို့မျှမှားယွင်းဝယ်ယူနိုင်စရာအကြောင်းမရှိဟုဆိုရမည်ဖြစ်သည်။

တရားလိုထုတ်လုပ်သည့်အိတ်ခွံအများစုပေါ်တွင်သက်ဆိုင်ရာပါဝင်ပစ္စည်း၏AI Name များကိုထင်ရှားစွာဖော်ပြထားပြီးကုမ္ပဏီ၏Logoတံဆိပ်ကိုဖော်ပြထားသည်။ သက်သေခံ(ဆ)

ကာဗိုဖျူရမ်(ငါးဂျီ)ပိုးသတ်ဆေး၊ သက်သေခံ(ဆ-၂)ကာဗိုဖျူရမ်(သုံးဂျီ)ပိုးသတ်ဆေး၊ သက်သေခံ (ဆ-၄)ပဲမျိုးစုံလူးနယ်ဆေးအိတ်ခွံများပေါ်တွင် AI Name၏အပေါ်၌ "သြဘာ"၊ "မြန်မာ့သြဘာ" ဟူသောစကားလုံးများဖော်ပြပါရှိသည်။ တရားပြိုင်ထုတ်လုပ်သည့်အိတ်ခွံများပေါ်တွင်ရွှေသြဘာ ဟူသောစကားလုံးကိုအခြားသောစကားလုံးများထက်ကြီးမားထင်ရှားစွာဖော်ပြထားသည်။

တရားပြိုင်၏အိတ်ခွံများမှာ ပိုးသတ်ဆေးထုတ်လုပ်ရောင်းချသည့်အိတ်ခွံများမဟုတ် ဘဲရွက်ဖျန်းမြေသြဇာအိတ်ခွံများသာဖြစ်သည်။ ပါဝင်သည့်ဓာတုပစ္စည်းသင်္ကေတကို အင်္ဂလိပ်စာဖြင့် ဖော်ပြထားသည်မှအပ အခြားအင်္ဂလိပ်စာအမှတ်အသားမပါရှိချေ။ တရားလိုက ပိုးသတ်ဆေးများ ထုတ်လုပ်ရောင်းချရာတွင်အသုံးပြုထားခြင်းဖြစ်ပြီး တရားပြိုင်ကမူရွက်ဖျန်းမြေသြဇာရောင်းချရာ တွင် အသုံးပြုထားခြင်းဖြစ်သည်။ ပိုးသတ်ဆေးနှင့်မြေသြဇာမှာ ကွဲလွဲသောကုန်ပစ္စည်းများဖြစ်သည်။

ထို့ပြင် တရားလိုတင်ပြထားသည့်သက်သေခံ(ဆ)ပေါ်တွင် ရိုက်နှိပ်ပါရှိသောသြဘာ ဟူသောစကားလုံး၏အရွယ်အစား၊ ပုံစံတို့နှင့် တရားပြိုင်အသုံးပြုလျက်ရှိသည့်သက်သေခံ(၇)အိတ်ခွံ များပေါ်တွင်ရိုက်နှိပ်ပါရှိသောသြဘာဟူသောစကားလုံး၏အရွယ်အစား၊ ပုံစံတို့မှာသာမန်အမြင် အားဖြင့်ပင်တူညီမှုမရှိသည်ကိုတွေ့ရှိရသည်။ သို့ဖြစ်ရာ နှစ်ဖက်အသုံးပြုသည့်ကုန်အမှတ်တံဆိပ် တို့မှာသုံးစွဲသူတို့အား ထင်ယောင်ထင်မှားဖြစ်စေသည်ဟုဆိုရန်ခဲယဉ်းပေသည်။

တရားလိုကထုတ်လုပ်သည့်ပစ္စည်းများကိုဝယ်ယူသုံးစွဲနေကြသူများအနေဖြင့် မြန်မာ့ သြဘာကထုတ်လုပ်သည့်ရွက်ဖျန်းမြေသြဇာပေးပါဟုပြောဆိုကာဝယ်ယူကြခြင်းဖြစ်ကြောင်း တရားလိုဘက်မှထွက်ဆိုချက်ရှိသည်။ ယင်းအချက်ကို တရားပြိုင်ကငြင်းကွယ်ခြင်းမရှိဘဲ မိမိထုတ် လုပ်သည့်ပစ္စည်းကိုဝယ်ယူသူများကလည်း ရွှေသြဘာဆေးကိုပေးပါဟုမေးမြန်းဝယ်ယူကြောင်းထွက် ဆိုထားသည်။ ယင်းသို့မေးမြန်းကာဝယ်ယူကြသည်ဆိုသောအချက်အရလည်း ဝယ်ယူသုံးစွဲသူများ အနေဖြင့် ပစ္စည်းချင်းလွဲမှားရန်အကြောင်းမရှိဟုဆိုရမည်ဖြစ်သည်။

ထို့ကြောင့် ဤငြင်းချက်အပေါ် တရားလို၏မြန်မာ့သြဘာအမှတ်တံဆိပ်နှင့် တရား ပြိုင်၏ရွှေသြဘာအမှတ်တံဆိပ်အမည်တို့မှာဆင်တူယိုးမှားဖြစ်လျက်ရှိသောကြောင့်ဝယ်ယူသုံးစွဲသူ တောင်သူများအကြားတွင်ထင်ယောင်ထင်မှားဖြစ်ပေါ်စေသည်ဆိုခြင်းမှာမှန်ကန်မှုမရှိကြောင်းဖြေဆို လိုက်သည်။

**<u>ငြင်းချက်အမှတ် (၂)</u>**

တရားလို၏ကုန်အမှတ်တံဆိပ်မှာ ဈေးကွက်တွင်နာမည်ကောင်းရရှိထားသည်ကို တရားပြိုင်ဘက်ကငြင်းကွယ်ခြင်းမရှိပေ။ ကြော်ငြာအားကောင်းကောင်းဖြင့်အခိုင်အမာရပ်တည်နေ သည်မှာ မှန်ကန်သော်လည်း အထက်ပါငြင်းချက်အမှတ်(၁)တွင်ဖြေဆိုချက်အရ တရားလို၏ကုန် အမှတ်တံဆိပ်ကို တရားပြိုင်ကဆင်တူယိုးမှားပြုလုပ်သုံးစွဲသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိသည့်အတွက်

တရားလိုတွင်ထိခိုက်နစ်နာရန်အကြောင်းမရှိဟုဆိုရမည်ဖြစ်သည်။

ထို့ကြောင့် ဤငြင်းချက်အပေါ် မှန်ကန်မှုမရှိကြောင်းဖြေဆိုလိုက်သည်။

## ငြင်းချက်အမှတ် (၃)

ဩဘာဟူသောစကားလုံးမှာ တရားလိုကတီထွင်ထားခြင်းမဟုတ်ဘဲ ပါဠိစကားလုံးမှဆင်းသက်လာသည့်အများနှင့်သက်ဆိုင်သောစကားလုံးဖြစ်သည်ဆိုခြင်းကို ငြင်းချက်အမှတ်(၁)တွင်သုံးသပ်ဖော်ပြပြီးဖြစ်သည်။

မြန်မာစာပေနယ်ပယ်တွင် သမာဓိဟူသောစကားလုံးရှိသည်။ ထိုစကားလုံးကို ကုန်အမှတ်တံဆိပ်သဖွယ်အသုံးပြုနေသည့်လုပ်ငန်းများစွာရှိသည်။ ဥပမာအားဖြင့် ရွှေဆိုင်များတွင် သမာဓိရွှေဆိုင်၊ အောင်သမာဓိရွှေဆိုင် စသည်ဖြင့်အသုံးပြုနေကြသည်။ တစ်ဆိုင်နှင့်တစ်ဆိုင်ကွဲလွဲစေရန်အတွက် ပိုင်ရှင်အမည်ကိုပူးတွဲ၍ဖော်ပြကြလေ့ရှိသည်။ သမာဓိဟူသောစကားလုံးကို တစ်ဦးတစ်ယောက်တည်းသာသုံးစွဲခွင့်ရရှိသည်ဟုသတ်မှတ်လက်ခံထိုက်မည်မဟုတ်ပေ။

ယခုအမှုတွင် တရားလိုကဩဘာဟူသောစကားလုံးနှင့် ယင်းအသံထွက်နှင့်တူညီသည့် အင်္ဂလိပ်အက္ခရာ awbaတို့ကိုအသုံးပြုမှုရှိသည်။ တရားပြိုင်က ရွှေဩဘာဟူ၍အသုံးပြုခြင်းဖြစ်သည်။ ဩဘာနှင့် ရွှေဩဘာတို့မှာ အခေါ်အဝေါ်အားဖြင့်နီးစပ်မှုရှိသည်မှာ မှန်ကန်သော်လည်း ထပ်တူညီသည် သို့မဟုတ် ဆင်တူယိုးမှားဖြစ်သည်ဟုဆိုရန်ခဲယဉ်းသည်။ အများနှင့်သက်ဆိုင်သည့်စကားလုံးကိုသုံးစွဲခြင်းလည်းဖြစ်သဖြင့် တရားပြိုင်၏အခွင့်အရေးကိုပိတ်ပင်ရန်မသင့်ပေ။

ထို့ကြောင့် တရားလိုအနေဖြင့် တရားပြိုင်အသုံးပြုနေသည့်ရွှေဩဘာဟူသောကုန်အမှတ်တံဆိပ်ကိုအသုံးမပြုစေရန်အတွက် ထာဝရတားဝရမ်းရထိုက်ခွင့်ရှိသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်းဖြေဆိုလိုက်သည်။

## ငြင်းချက်အမှတ် (၄)

အထက်ပါငြင်းချက်များကိုဖြေဆိုချက်အရတရားလိုသည် တောင်းဆိုသည့်မည်သည့်သက်သာခွင့်ကိုမျှ မရရှိထိုက်ကြောင်း ဖြေဆိုလိုက်ပြီး တရားလိုစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေစရိတ် ၄၅၀၀ကျပ်သတ်မှတ်သည်။

( ကြည်သိန်း )

တရားသူကြီး

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်